

# မြသန်းတင့်

## ရှားလော့ဟုမ်း ၏ သည်းထိတ်ရင်ဖို



THE EXPLOITS OF


# SHERLOCK HOLMES



ရှားလော့ဟုမ်း ပုံတူ ပန်းချီ
(ရေးဆွဲသူ ဖရန့် ဝိုင်းလ်)




ရှားလော့ဟုမ်း သရုပ်ဖော်ပုံ တစ်ပုံ
(ရေးဆွဲသူ ဖရက်ဒရစ် ဒေါ်စတီးလ်)




ပန်းချီ ဂျော့ ဟပ်ချင်ဆန် ၏
ရှားလော့ဟုမ်း ဇာတ်လမ်း သရုပ်ဖော်ပုံ တစ်ပုံ




ရှားလော့ဟုမ်း ဇာတ်လမ်း သရုပ်ဖော်ပုံ တစ်ပုံ
(ရေးဆွဲသူ ဖရန့် ဝိုင်းလ်)



ရှားလော့ဟုမ်း၏ ပုံတူ ပန်းချီ တစ်ပုံ
(ရေးဆွဲသူ ရှာမတွေ့)



စထရင်း မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော
ပန်းချီဆရာ ဝေါလတာ ပေးဂျက်၏ ရှားလော့ဟုမ်း သရုပ်ဖော်ပုံ တစ်ပုံ



၁၈၉၅ ခု၊ ဟာပါး အပတ်စဉ် ဂျာနယ်တွင်
ဖော်ပြခဲ့သော ပန်းချီဆရာ ဒဗလျူ အိတ်ချ် ဟိုက်၏ လက်ရာ
ရှားလော့ဟုမ်းနှင့် ဝပ်ဆင်





ရှားလော့ဟုမ်း ဇာတ်လမ်း သရုပ်ဖော် တစ်ပုံ
(ပန်းချီ ဒီ အိတ်ချ် ဖရစ်စတန်)



ရှားလော့ဟုမ်း ဇာတ်လမ်း သရုပ်ဖော်ပုံ တစ်ပုံ

(ရေးဆွဲသူ အာသာ တွီးဒဲလ်)



ရှားလော့ဟုမ်း၏ အခန်း
(ကာတွန်းဆရာ ရော်နယ် ဆားလ်၏ လက်ရာ)

## ရှားလော့ဟု မ်း ဝတ္ထုများမှ အရံ ဇာတ်ဆောင်များ

ရှားလော့ဟု မ်း ဝတ္ထုများ တွင် ဇာတ်ဆောင်များမှာ ရှားလော့ဟု မ်း နှင့် ဒေါက်တာဝပ်ဆင်တို့ ဖြစ်ပြီး အရံဇာတ်ဆောင်များမှာ ရှားလော့ဟု မ်းနေထိုင်ရာ ၂၂၁ ဘီ၊ ဘေကာလမ်းမှ အိမ်ရှင်ဖြစ်သူ မစ္စက် ဟတ်ဆန်

နှင့် စကော့တလန်ယာဒ် စုံထောက်အဖွဲ့မှ စုံထောက်အရာရှိများ ဖြစ်လေသည်။

စာရေးဆရာအာသာကိုနင်ဒွိုင်းလ်သည် မစ္စတာ ဟတ်ဆန်၏ ရုပ်ပုံကို ရေးခြယ်ရာတွင် လန်ဒန် ရှိ များ စွာသော အိမ်ရှင် အဘွားကြီးများ ၏ စရိုက်ကို စုပေါင်းကာ မစ္စတာ ဟတ်ဆန်၏ ပုံပန်း သဏ္ဍာန်နှင့် စရိုက်တို့ကို ဖန်တီးယူဟန်ရှိသည်။

မစ္စတာ ဟတ်ဆန်သည် လန်ဒန်မှ အိမ်ရှင်များ ထုံးစံအတိုင်း အိမ်ငှား များ အပေါ်တွင် သည်းခံ တတ်သည်။ အိမ်ငှားတစ်ယောက်နှင့် ဆက်ဆံပြီးလျှင် နောက်ထပ်အိမ်ငှားကို မတင်လိုတော့ဘဲ ထို အိမ်ငှားနှင့်သာ အရှည် ဆက်ဆံသွားလိုဟန်ရှိသည်။

ထို့ကြောင့်ပင်လျှင် စည်းကမ်းမရှိသော ရှားလော့ဟု မ်း၊ ပစ်စလက်ခတ်နေတတ်သော ရှားလော့ဟု မ်း၊ အိမ်နံရံကို သေနတ်ဖြင့် လက်တည့်စမ်းတတ်သော ရှားလော့ဟု မ်း၊ ဆိုးဝါးလှသော ဓာတုဗေဒ စမ်းသပ်မှုများကို လုပ်တတ်သည့် ရှားလော့ဟု မ်း၊ အချိန်မတော် အိမ်သို့ ပြန်လာတတ် သော ရှားလော့ဟု မ်း၊ လူပေါင်းစုံနှင့် ဆက်ဆံတတ်သော ရှားလော့ဟု မ်း ကို သည်းခံခြင်းဖြစ်ဟန် တူသည်။

ထိုမျှသာမက မစ္စတာ ဟတ်ဆန်သည် ရှားလော့ဟု မ်း၏ စုံထောက်လုပ်ငန်းတွင် အမှန်တရား ကို ရှာတတ်ပုံ၊ မနစ်နာသင့်သူကို မနစ်နာရလေအောင် ရှားလော့ဟု မ်း စုံစမ်း ထောက်လှမ်းပုံ၊ ဗြိတိ သျှတို့ ၏ တရားဥပဒေကို ရှားလော့ဟု မ်း ကာကွယ်တတ်ပုံ၊ ငွေရေးကြေးရေးကို ရှားလော့ဟု မ်း မက် မောခြင်းမရှိပုံ၊ ရှားလော့ဟု မ်း၏ ထက်မြက်ပုံတို့ကိုလည်း အထိုက်အလျောက် နားလည်သိရှိကာ ထို အရည်အချင်းများကို မြတ်နိုးဟန်ရှိလေသည်။

မစ္စက် ဟတ်ဆန်သည် မုဆိုးမ တစ်ယောက်ဖြစ်ပြီး သားသမီးဟု ၍ ကျန်ခဲ့ဟန်မတူချေ။ သူ့ အိမ် မြေတိုက်ခန်းကလေးထဲတွင် နေထိုင်ကာ ရှားလော့ဟု မ်းအား အိမ်ငှားထားရုံသာမက ထမင်း လည်း ချက်ကျွေး လိုက်သေးသည် ။ ဒေါက်တာဝပ်ဆင် အိမ်ထောင်ကျ၍ ၂၂၁ ဘီ၊ ဘေကာလမ်းမှ ပြောင်းရွှေ့သွားသည့်တိုင် ရှားလော့ဟု မ်းသည် မစ္စက်ဟတ်ဆန်၏ အိမ်မှာ ပင် ကျန်ရစ်ခဲ့သည် ။ ရှားလော့ဟု မ်းသည် တစ်ခါတစ်ရံ လပေါင်းများ စွာ ခရီးသွားနေသည့်တိုင် သူ့အိမ်လခကို ပေးမြဲပေး သည် ။ သူပေးသည့် အိမ်လခများ အားလုံးကို ပေါင်းလိုက်လျှင် အိမ်တစ်လုံးပင် ဝယ်လောက်သည် ဟု ဆိုသည် ။ ထို့ကြောင့် မစ္စက်ဟတ်ဆန်က ရှားလော့ဟု မ်းကို သဘောကျသည့်အချက်များ ထဲတွင် ထို အချက်လည်း တစ်ချက်ပါဝင်နိုင်လေသည် ။

ရှားလော့ဟု မ်းနှင့် ဒေါက်တာဝပ်ဆင်သည် ခွဲ၍ မရသည့် နည်းတူ ရှားလော့ဟု မ်းနှင့် အမှတ် ၂၂၁ ဘီ၊ ဘေကာလမ်းသည် လည်း ခွဲ၍ မရ။ ထို့အတူ ရှားလော့ဟု မ်းနှင့် မစ္စက် ဟတ်ဆန်ကိုလည်း ခွဲ၍ မရနိုင်ပါ။

ရှားလော့ဟု မ်း ဝတ္ထုများ တွင် နောက်အရေးကြီးသော ဇာတ်ရုံများ မှာ စကော့တလန်ယာဒ် စုံထောက်အဖွဲ့မှ ပုလိပ်အရာရှိများ ဖြစ်လေသ ည် ။

အာသာ ကိုနင်ဒွိုင်းလ်သည် စကော့တလန်ယာဒ်မှ စုံထောက်အရာရှိ များကို ခပ်နှိမ်နှိမ်က လေး ရေးသားထားသည် ကို တွေ့ရသည် ။(ရွှေဥ ဒေါင်း၏ စုံထောက်ဦးစံရှား ဝတ္ထုများ တွင် လည်း ရွှေဥဒေါင်းသည် စုံ ထောက် အင်စပက်တော် ကိုအုံးဖေကို ခပ်နှိမ်နှိမ် ရေးထားသည် ကို တွေ့ရ၏။)။

ရှားလော့ဟု မ်း ဝတ္ထုများ တွင် အင်စပက်တော် လက်စထရိတ်၊ အင်

စပက်တော် ဂရက်ဆန်၊ အင် စပက်တော် ဗိန်း၊ အင်စပက်တော် ဂရိဂိုရီ၊ အင်စပက်တော် ဟော့ပ်ကင်း စသူတို့ ဖြစ်လျက် သူတို့ အားလုံးမှာ ရှား လော့ဟု မ်းနှင့်စာလျှင်ခပ်ညံ့ညံ့ဖြစ်နေကြသည် ။ သို့ရာတွင် စာရေးဆ ရာ ကိုနင်ဒွိုင်းလ် သည် သူတို့ ညံ့ကွက်များကို ပြသည့်နည်းတူ သူတို့ တော်သည့်အချက်များကိုလည်း ပြသထားသဖြင့် ဇာတ်ဆောင်များ သ ည် အရုပ်များ လိုမဟုတ်ဘဲ ရုပ်လုံးကြွနေကြသည် ။

အင်စပက်တော် လက်စထရိတ်မှာ ခွေးဘီလူးမျက်နှာကဲ့သို့ရှိပြီး အ မှုတစ်ခုကိုလိုက်ရာတွင် စေ့စပ်သေချာသူ၊ ဇွဲနပဲကြီးသူ၊ စည်းကမ်းကြီး သူ၊ တရားဥပဒေက ညွှန်းဆိုသမျှကို စိုက်လိုက် မတ်တတ် လိုက်နာသူ အဖြစ် ရေးထားသည် ။ တရားခံ၏ အနံ့ကိုရသည် နှင့် အမဲလိုက် ခွေးတ စ် ကောင်ကဲ့သို့ မရမနေ လိုက်သူဖြစ်သည် ။

ဆာအာသာကိုနင်ဒွိုင်းလ်သည် အင်္ဂလိပ် စုံထောက်အဖွဲ့၏ စေ့စပ် သေချာမှု၊ တရားဥပဒေကို ထိန်းသိမ်းကာကွယ်မှု စသည့်အရာများကို လက်စထရိတ်တွင် ကိုယ်စားပြု ဖော်ပြထားသည် နှင့်အ တူ သူတို့ ကြိုး နီစနနစ်ကို ကျင့်သုံးပုံ၊ ထိုးထွင်းဉာဏ်နည်းပုံ၊ အမှုတစ်ခုကိုလိုက်ရာတွ င် တရားသေ ကိုင်တတ်ပုံတို့ ကိုလည်း ရေးပြထားလေရာ လက်စထရိ တ်နှင့်တကွသော စုံထောက်အရာရှိများ ၏ အားကောင်းချက်များ သည် အင်္ဂလိပ်စုံထောက်အဖွဲ့များ ၏ အားကောင်းချက်များ ဖြစ်နေပြီး သူတို့ တစ်သိုက်၏ အားနည်းချက်များ သည် အင်္ဂလိပ်စုံထောက်အဖွဲ့၏ အားန ည်းချက်များ ဖြစ်နေသည် ကို တွေ့နိုင်လေသည် ။

ဤဝတ္ထုတိုများမှာ ဆာ အာသာ ကိုနင်ဒွိုင်းလ်၏ သာ အက်ဒရီယန် ကိုနင်ဒွိုင်းလ်နှင့် စာရေး ဆရာ ဒစ်ကဆင် ကားတို့ ပူးပေါင်း ရေးသား ထားသော ဝတ္ထုများ ဖြစ်ရာ မူရင်း ၅၆ ပုဒ်၊ ယခု ၁၂ ပုဒ် ဖြစ်သဖြင့် ရှား

လော့ဟု မ်း ဝတ္ထုတိုပေါင်း ၆၈ ပုဒ် ရှိသည် ဟု ဆိုနိုင်လေသည်။

ဤဝတ္ထုတိုများကို ဖော်ပြပေးခဲ့သော မိုးဝေ မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ ကိုလည်းကောင်း၊ စုပေါင်း ပုံနှိပ်သော ဘဝတက္ကသိုလ် စာပေတိုက်ကို လည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ် ပါသည်။

မြသန်းတင့်

* * *